“အသံ”

# “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”တွင် ဖော်ပြနေသည့်ပုံရိပ်အသစ်များ




“ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”တင်ပြခဲ့ရာ အချိန်(၃)နှစ်တွင် နိုင်ငံနှင့်နိုင်ငံတကာအဖွဲ့အစည်းပေါင်း(၁၀၀)ကျော်ပါဝင်ခဲ့ပြီဖြစ်သည်။ ကုလသမဂ္ဂစသည့် နိုင်ငံတကာအဖွဲ့အစည်းများလည်း တက်ကြွစွာလုပ်ဆောင်နေလျက်ရှိသည်။ AIIB ဘဏ်၊ ပိုးထည်လမ်းရန်ပုံငွေစသည်တို့ဖြင့် ကိုယ်စားပြုသည့်ငွေကြေးစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသည် အဆက်မပြတ်နက်ရှိုင်းလာခဲ့ပြီး ထိရောက်မှုအားရှိသော စီမံကိန်းတစ်သုတ်မှာလည်း တဖြည်းဖြည်းချင်း အကောင်အထည်ဖော် ဆောင်နေပါသည်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကျင်းပခဲ့ခြင်းဖြစ်ပြီး “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”သည် ပုံရိပ် အသစ်များ ဖော်ပြလျက်ရှိနေပါတော့သည်။

တရုတ်နိုင်ငံ၏ အင်အားအပျော့ကို မြှင့်တင်သည်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” သည် တရုတ်နိုင်ငံ၏ယဉ်ကျေးမှုပါဝင်ပြီး တရုတ်နိုင်ငံ၏ထူးခြားချက်လည်းပါရှိသည်။ ဤတရုတ်နိုင်ငံ၏ထူးခြားချက်မှာ အခြားနိုင်ငံများအတွက် ဆွဲဆောင်မှုအား ပိုမိုများပြားလာပြီး ကမ္ဘာ့ဆိုင်ရာ အနက်အဓိပ္ပာယ်ပါရှိနေသည်။ ယခုနှစ်ပိုင်းအနောက်တိုင်းပုံစံကို ဖွံ့ဖြိုးဆဲနိုင်ငံအများက ပိုမိုစိတ်ဓာတ်ကျဆင်းလာနေပြီး တရုတ်ပုံစံကို ပိုမိုစိတ်ဝင်စားနေသည်။ တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုကို ထူထောင်ပေးပြီးချမ်းသာကြွယ်ဝမှုသို့ပြောင်းလဲပေးနိုင်ခြင်းနှင့် အရှိန်မြင့်ဖွံ့ဖြိုးတိုးတက်ခြင်းကို ချီးမွမ်းနေကြသည်။ ယခင်ကတရုတ်နိုင်ငံသည် ပြင်ပကယ်ဆယ်ထောက်ပံ့ရေး လုပ်ဆောင်ရာတွင် နိုင်ငံရေးနှောင်ကြိုးအချက်အလက်မပါရှိသောကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ အနောက်တိုင်းနိုင်ငံ၏ ကယ်ဆယ်မှုမှီခိုရေးကို လျော့နည်းစေခဲ့သည်။ ယခုတရုတ်ရင်းနှီးမှုပုံစံသည် အနောက်တိုင်းပုံစံနှင့် ကွာခြားနေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်ရေး၏ အားနည်းချက်ကို ဖြည့်စွက်ပေးသည်။

တရုတ်အိပ်မက်နှင့်ကမ္ဘာ့အိပ်မက်ကို ရောစပ်ထားသည်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”သည် တရုတ်နိုင်ငံနှင့်လမ်းတစ်လျှောက်နိုင်ငံများတွင် မူလကရှိထားသော နယ်စပ်ဘက်စုံစနစ်ကို မှီခိုပြီးယခုလက်ရှိမှာ အကျိုးသက်ရောက်မှုအားရှိသော နယ်ပယ်ဒေသပူးပေါင်းဆောင်ရွက်ရေးစင်မြင့်ကို အကူအားပြုကာငြိမ်းချမ်း၊ ဖွံ့ဖြိုး၊ ပူးပေါင်းသော အလံကိုထောင်ထားပြီး လမ်းတစ်လျှောက်နိုင်ငံများ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး လုပ်ဖော်ကိုင်ဖက်ဆက်ဆံရေးကိုဖွံ့ဖြိုးလာအောင် တက်ကြွစွာလုပ်ဆောင်ခြင်းဖြစ်သည်။ တရုတ်နိုင်ငံ၏ လက်ရှိသော စွမ်းအင်အားသာချက်၊ နည်းပညာအားသာချက်၊ ငွေကြေးအားသာချက်၊ အတွေ့အကြုံနှင့်ပုံစံအားသာချက်များကို ဈေးကွက်နှင့်ပူးပေါင်းဆောင်ရွက်မှုအားသာချက်အဖြစ်သို့ ပြောင်းလဲပြီး တရုတ်အခွင့်အရေးကို ကမ္ဘာ့အခွင့်အရေးအဖြစ်သို့ပြောင်းလဲကာ တရုတ်အိပ်မက်နှင့်ကမ္ဘာ့အိပ်မက်ကို ရောစပ်ပေါင်းစည်းစေမည်ဖြစ်ပါသည်။

အလုံးစုံပါဝင်သော ဂလိုဘယ်လိုက်ဇေးရှင်းပုံစံကို တည်ဆောက်သည်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” သည် အစိမ်းရောင်ပိုးထည်လမ်း၊ ကျန်းမာပိုးထည်လမ်း၊ ဉာဏ်ပညာပိုးထည်လမ်း၊ ငြိမ်းချမ်းရေး ပိုးထည်လမ်းကို တည်ဆောက်သည်။ ပြည်သူလူထုများကိုပါဝင်မှု၊ ရရှိမှု၊ ပျော်ရွှင်မှုခံစားချက်များ ပိုမိုရရှိစေသည်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”အကြံပြုချက်သည် ပြည်သူလူထုပုံစံ ဂလိုဘယ်လိုက်ဇေးရှင်းဟု ဆိုနိုင်ပေသည်။ ယင်းသည် နိုင်ငံခြားကုမ္ပဏီသို့မဟုတ်အကျိုးအမြတ်အုပ်စုမှ ကမ္ဘာကိုရင်းနှီးမြှုပ်နှံသော နေရာအဖြစ်သို့ လုပ်ဆောင်နေသည့်ဂလိုဘယ်လိုက်ဇေးရှင်းနှင့်မတူပေ။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” သည် ဥရောပအာရှဒေသများ၏ အချင်းချင်းချိတ်ဆက်မှု၊ ကုန်းလမ်းရေလမ်းအချင်းချင်းချိတ်ဆက်မှုကို ပိုမိုအားထားသည်။ ရှေးဟောင်းမူရင်းဖြစ်သော လွတ်လပ်သည့်မူဝါဒက ဦးဆောင်သည့် ဂလိုဘယ်လိုက်ဇေးရှင်းကို စွန့်ပစ်ခြင်းဖြစ်သည်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” သည် တစ်ကမ္ဘာလုံးအတွက် အင်အားပြင်းသော တွန်းအားကိုထောက်ပံ့ပေးပြီး ရိုးရာဂလိုဘယ်လိုက်ဇေးရှင်းကို ပြုပြင်ပြောင်းလဲရန်တွန်းတင်ကာ ဖွင့်လှစ်၊ မျှတ၊ ပါဝင်၊ အကျိုးပေးသောလမ်းကြောင်းသို့ရောက်ရှိစေပြီး ဖွံ့ဖြိုးတိုးတက်ရန်လုပ်ဆောင်ပေးသည်။

တစ်ကမ္ဘာလုံးထိန်းချုပ်ရေး၏ ချုပ်ကိုင်အားအသစ်ဖြစ်သည်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”သည် တရုတ်နိုင်ငံမှဦးဆောင်သည့် တစ်ကမ္ဘာလုံးထိန်းသိမ်းရေး၏ အတွေးအခေါ် အသစ်ကိုဖော်ပြနေသည်။ အတူညှိနှိုင်း၊ အတူဆောက်လုပ်၊ အတူခံစားခြင်းစနစ်မျိုးဖြစ်ပါသည်။ တရုတ်နိုင်ငံက ဦးဆောင်သော အတူညှိနှိုင်းခြင်းသည် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” ဆောက်လုပ်ရေးအတွင်းတွင် လမ်းတစ်လျှောက်လုံးနိုင်ငံမှ မိမိပါဝင်သည့်ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအတွင်း ပြည့်ဝသောစကားပြောဆိုပိုင်ခွင့်ရှိရန် ပြည့်ဝစွာလေးစားပြီး နိုင်ငံအသီးသီး၏ အကျိုးအမြတ်ဆက်ဆံရေးကို သင့်လျော်စွာ လုပ်ဆောင်ခြင်းဖြစ်သည်။ တရုတ်နိုင်ငံက အတူဆောက်လုပ်ခြင်းကိုဦးဆောင်သည်။ ဆွေးနွေးခြင်းသည် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”အတွင်းသို့ပါဝင်သည့် ပထမတစ်ပိုင်းသာဖြစ်သည်။ နောက်တစ်ဆင့်တွင် “အပြင်သို့ထွက်”ဟူသော ဝန်ဆောင်မှုအလုပ်ကို ကောင်းစွာလုပ်ဆောင်ခြင်းဖြစ်သည်။ ထို့အတူလမ်းတစ်လျှောက်နိုင်ငံများကိုငွေကြေး၊ နည်းပညာတင်သွင်းပြီးနောက် သက်ဆိုင်ရာလူထုးချွန်များကို မွေးထုတ်ပေးပြီးကိုယ်ပိုင်ဖွံ့ဖြိုးတိုးတက်နိုင်အားကို မြှင့်တင်နိုင်ရန် အားပေးထားပါသည်။ ရှေ့ကဆိုသွားသည့်နှစ်ချက်ကို ကောင်းစွာလုပ်ဆောင်နိုင်မှသာ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”ဆောက်လုပ်ရေးရလဒ်ကို လမ်းတစ်လျှောက်နိုင်ငံများမှ အတူမျှဝေခံစားနိုင်မည်ဖြစ်သည်။

လူသားကံကြမ္မာ တစ်ကိုယ်တည်းထုကို တည်ဆောက်သည်။ ၂၀၁၇ခုနှစ်ဖေဖော်ဝါရီလတွင် လူသားကံကြမ္မာတစ်ကိုယ်တည်းထုကို တည်ဆောက်ရန်အတွေးအခေါ်ကို ကုလသမဂ္ဂဆုံးဖြတ်ချက်တွင် ပထမဆုံးအကြိမ်ရေးထည့်ခဲ့သည်။ လူသားကံကြမ္မာတစ်ကိုယ်တည်းထုအတွေးအခေါ်သည် “ကုလသမဂ္ဂစာတမ်း”၏ မူဝါဒနှင့်ရည်ညွှန်းမှုကို ဆက်ခံကြော်ငြာထားသည်။ တစ်ကမ္ဘာလုံးထိန်းသိမ်းရေး၏အတူညှိနှိုင်း၊ အတူဆောက်လုပ်၊ အတူခံစားမှုဝါဒ၏ ဗဟိုအတွေးအခေါ်ဖြစ်သည်။ “ကံကြမ္မာချင်းဆက်စပ်”ဟူသော အဓိပ္ပာယ်ကို ဖြစ်ပေါ်စေသည်။ ပစ္စည်းဝတ္ထုအဆင့်သာမက နည်းစနစ်၊ အတွေးအခေါ် အဆင့်တွင် တူညီမှုကိုရှာ မတူညီမှုကိုဖယ်ကာ အတူတကွနေထိုင်ကြရမည်ဖြစ်သည်။ “သင်အတွင်းငါရှိငါအတွင်းသင်ရှိ” သော လူသား၏ အထောက်အထားအသစ်ကို တီထွင်ပြီး အားလုံးတူညီမျှတသော လူသားယဉ်ကျေးမှုပုံစံအသစ်ကိုလည်း တီထွင်မည်ဖြစ်သည်။ လူသားကံကြမ္မာ တစ်ကိုယ်တည်းထုသည် လူသားယဉ်ကျေးမှု၏ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးအားထားပြီး ယဉ်ကျေးသိမ်မွေ့စနစ်ကျသော အစီအစဉ်ကို တည်ဆောက်ရန် တွန်းတင်သည်။ ကျဉ်းမြောင်းသော လူမျိုးရေးနိုင်ငံရေးရှုထောင့်ကို ဖြတ်ကျော်ပြီး လူသားတစ်ရပ်လုံးဆိုင်ရာရှုထောင့်ကို တည်ထောင်ကာ တရုတ်နိုင်ငံကို နိုင်ငံတကာကျင့်ဝတ်၏ အမြင့်ပွိုင့်နေရာတွင် ရပ်တည်စေမည်ဖြစ်သည်။

(တရုတ်ပြည်သူတက္ကသိုလ်နိုင်ငံတကာကိစ္စရေးရာ သုတေသနစခန်း ဌာနမှူးဝမ်ရီဝေး)